သာစည်ကျေးရွာ

ဂန့်ဂေါမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

သာစည်ကျေးရွာ ၊ ဂန့်ဂေါမြို့နယ်

( စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည် )

၂၀၁၈ ခုနှစ် ၊ စက်တင်ဘာလ

# မာတိကာ


| | | စာမျက်နှာ |
|---|---|---|
| စကားချီ | | ၃ |
| ဂန့်ဂေါမြို့နယ် ၊ သာစည်ကျေးရွာအရင်းအမြစ်ပြမြေပုံ | | ၄ |
| ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ် | | ၅ |
| (၁) | နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | ၅ |
| ၁။ | တည်နေရာနှင့် ပထဝီအနေအထား | ၇ |
| ၂။ | ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ | ၇ |
| ၃။ | ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ | ၇ |
| | (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ | ၇ |
| | (ခ) စီပွားရေးနှင့်အသက်မွေးမှုအခြေအနေ | ၇ |
| | (ဂ) အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ | ၈ |
| | (ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု | ၈ |
| | (င) ပညာရေး | ၈ |
| | (စ) ကျန်းမာရေး | ၈ |
| | (ဆ) ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၉ |
| | (ဈ) ကျား/မ ရေးရာ | ၉ |
| ၄။ | ကျေးရွာ၏ ဦးစားပေးစီမံချက်လုပ်ငန်းများ | ၁၀ |
| ၅။ | ကျေးရွာ၏ နှစ်အလိုက် စီမံချက်လုပ်ငန်းများ | ၁၀ |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြုဇယားများ | ၁၁ |
| | ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ | ၁၁ |
| | ဇယား (၂) ကျေးရွာ၏ မြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ | ၁၁ |
| | ဇယား (၃) ဓာတ်သတ္ထုနှင့်အခြားသဘာဝအရင်းအမြစ်များ | ၁၂ |
| | ဇယား (၄) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ | ၁၂ |
| | ဇယား (၅) ဥစ္စာဓနအဆင့်အခြေအနေ | ၁၄ |
| | ဇယား (၆) စိုက်ပျိုးနိုင်သော မြေဧရိယာ | ၁၄ |
| | ဇယား (၇) ကျေးရွာ၏ အဓိကသီးနှံများနှင့် အထွက်နှုန်း | ၁၅ |
| | ဇယား (၈) မွေးမြူရေးလုပ်ငန်း | ၁၆ |
| | ဇယား (၉) မွေးမြူရေးမဟုတ်သော စီပွားရေးလုပ်ငန်းကဏ္ဍ | ၁၇ |
| | ဇယား (၁၀) အခြေခံအဆောက်ဦနှင့်ဝန်ဆောင်မှုများ | ၁၈ |
| | ဇယား (၁၁) ကျေးရွာလမ်းပန်းဆက်သွယ်ရေးအခြေအနေ | ၁၈ |
| | ဇယား (၁၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး | ၁၉ |
| | ဇယား (၁၃) သယ်ယူပို့ဆောင်ရေး ယာဉ်များနှင့်ဝန်ဆောင်မှုများ | ၁၉ |
| | ဇယား (၁၄) လျှပ်စစ်မီးရရှိမှု | ၂၀ |
| | ဇယား (၁၅) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ | ၂၀ |
| | ဇယား (၁၆) ကျောင်းတက်နှုန်း | ၂၁ |

ဇယား (၁၇) စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ ၂၁

ဇယား (၁၈) အဖြစ်များသော ရောဂါများ ၂၂

ဇယား (၁၉) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု ၂၃

ဇယား (၂၀) ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ/ဆေးပေးခန်းများ) ၂၄

ဇယား (၂၁) သောက်သုံးရေရရှိမှု ၂၄

ဇယား (၂၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်) ၂၅

ဇယား (၂၃) ဘေးအန္တရာယ်ထိခိုက်မှုအခြေအနေများ ၂၅

ဇယား (၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ ၂၆

ဇယား (၂၅) ကျား/မ ရေးရာ ၂၇

၇။ ကျေးရွာဖွံ့ဖြိုးရေး ကွင်းဆက်များ ၂၈

**စကားချီ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်တော်တို့ သာစည်ကျေးရွာသူ/သားများ ကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေးအတွက် ပထမဆုံးစတင်ရေးဆွဲသောအစီအစဉ်ဖြစ်ပါသည်။ စီမံကိန်းဖြစ်မြောက်ရေးအတွက် ကူညီဆောင်ရွက်ပေးသော ဂန့်ဂေါမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှဝန်ထမ်းများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ခွင့်ပြုပေးပါသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများအားလုံးကို ကျေးဇူးတင်ရှိပါသည်။


ကျွန်တော်တို့ ကျေးရွာတွင် ယခင်က ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ကြရာတွင် ရပ်မိ/ရပ်ဖများနှင့်သာ ရေးဆွဲတိုင်ပင်ကြခြင်း ဖြစ်ပါသည်။ယခုကဲ့သို့ အတန်းအစားပေါင်းစုံ စနစ်တကျ ပူးပေါင်းဆောင်ရွက်သည့် စနစ်ကျသည့် စီမံကိန်းမျိုး မရေးဆွဲခဲ့ပါ။ယခုအခါ ထိုသို့ ကျေးရွာလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်စနစ်ကျသည့် စီမံကိန်းအဖြစ် ဆောင်ရွက်နိုင်သည်ကို သိရှိခဲ့ရပါသည်။နောင်တွင်မည်သည့်ကိစ္စရပ်တွင်မဆို တိုင်ပင်ဆွေးနွေးရာတွင်မဆို လူထုပူးပေါင်း ပါဝင်နိုင်ရေး အလေးထားဆောင်ရွက်ရပါမည်။ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲသည့်အခါ ကျေးရွာသူ/သားများ၏ နေထိုင်မှု၊ ပိုင်ဆိုင်မှု၊ ကျန်းမာရေးအစရှိသည့် ကဏ္ဍအစုံသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးနှင့်သက်ဆိုင်နေကြောင်း သိရှိရပြီး ကဏ္ဍအစုံမှ ထွက်ရှိလာသော အချက်အလက်များကို ကြည့်ရှုခြင်းအားဖြင့် လိုအပ်ချက်များကို ဖော်ထုတ်သိရှိနိုင်မည် ဖြစ်ပါသည်။ထိုသို့ မှန်ကန်သော လိုအပ်ချက်များအား သိရှိနိုင်မှသာ ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မည့်သင့်လျော်သော အဖွဲ့အစည်းများနှင့် ဦးစီးဌာနများထံ တင်ပြတောင်းခံနိုင်မည် ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်း စီမံကိန်းသည် စာရင်းဇယားများ၊ ကျေးရွာလူထု၏ လူနေမှုအခြေအနေ ပိုင်ဆိုင်မှုများကို ကောက်ယူပြီးမှ လိုအပ်ချက်ပေါ် မူတည်၍ ကျေးရွာလူထု၏ ဆန္ဒဖြင့် အမှန်တကယ်လိုအပ်သော စီမံကိန်းလုပ်ငန်းအား အကောင်အထည်ဖော် ဆောင်ရွက်သဖြင့် အလွန်ကောင်းမွန်ပြီး အကျိုးရှိသော စီမံကိန်း ဖြစ်ပါသည်။

ယခုကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အကူအညီဖြင့် ကျေးရွာလူထုကိုယ်တိုင် ပါဝင်ရေးဆွဲသော သာစည်ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းစာအုပ်အား စီမံကိန်းကာလအတွင်းသာအသုံးပြုခြင်းမဟုတ်ဘဲပြောင်းလဲမှုရှိလာသည်နှင့်အမျှ ပြုပြင်ဖြည့်စွက်၍ အစဉ်အမြဲ သုံးစွဲသွားမည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
သာစည်ကျေးရွာ
ဂန့်ဂေါမြို့နယ်

# ဂန့်ဂေါမြို့နယ် ၊ သာစည်ကျေးရွာ အရင်းအမြစ်ပြမြေပုံ



ရည်ညွှန်း- ဂန့်ဂေါမြို့နယ် ၊ သာစည်ကျေးရွာအုပ်စု ၊ သာစည်ကျေးရွာတွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ/သား များကိုယ်တိုင် ပူးပေါင်း အကဲဖြတ်ခြင်းမှ ရယူသည်။

**ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ်**

**(၁) နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု**

**(က) ရည်ရွယ်ချက်**

သာစည်ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်တော်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ဖြင့် စီမံချက်ရေးဆွဲသည့်အတွေ့အကြုံ မရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထား မိလာကြပါသည်။ထို့အပြင် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး ၊ ဌာနဆိုင်ရာများ စသည်တို့မှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်တော်တို့၏ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်း သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ ကြုံတွေ့နေရသော ပြဿနာများ၊ ပြဿနာများဖြစ်ရသည့် အခြေခံအချက်များ၊ ဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်တော်တို့အနေဖြင့် ဆောင်ရွက်မည့် နည်းဗျူဟာများ ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထား ပါသည်။

ကျွန်တော်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရရှိစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုကို သိရှိစေရန်မျှော်လင့်ပါသည်။

**( ခ) နိုင်ငံတော်အစိုးရအဖွဲ့အစည်းများအတွက် အသုံးဝင်မှု**

ကျွန်တော်တို့၏အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်း ဆောင်ရွက်ပေးရန် ဤဖွံ့ဖြိုးရေးစီမံချက်များကို မြို့နယ်အဆင့် ၊ ခရိုင်အဆင့် ၊ တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြသွားမည်ဖြစ်ပါသည်။ပုဂ္ဂလိကအဖွဲ့အစည်းများအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထုလိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာလိုလားချက်များ၊ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်ဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှု အဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်ပါသည်။

ဘဏ်လုပ်ငန်းရှင်များနှင့်အသေးစားလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမို သိရှိလာနိုင်မည်ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာချေးငွေ အဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလုပ်လာနိုင်ပါသည်။

(ဂ) **စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု**

ယခင်ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်တော်တို့ကိုယ်တိုင် တက်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိလာနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများကို ချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းကဲ့သို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးရေးဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိပြီးဖြစ်ပါသည်။ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

## ၁။ တည်နေရာနှင့်ပထဝီအနေအထား

သာစည်ကျေးရွာသည် မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ် ကလေး-ဂန့်ဂေါ ကားလမ်းမကြီးမှ (၁)မိုင်ခန့်အကွာတွင်တည်ရှိသောကျေးရွာဖြစ်ပါသည်။ ဂန့်ဂေါမှ ဂန့်ဂေါ-ကလေး လမ်းပေါ်ရှိမွေ့လယ်ကျေးရွာသို့ဦးစွာပထမသွားရမည်။ မွေ့လယ်ရွာမှတဆင့်မြေသားလမ်း(၁)မိုင်ခန့် သွားလာရသော ကျေးရွာဖြစ်ပါသည်။ ဂန့်ဂေါမြို့မှ (၃၅)မိုင်ခန့် ကွာဝေးပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ ရာသီဥတု အနေဖြင့် မိုးများခြင်း၊ မိုးခေါင်ခြင်းမရှိသော်လည်း ပုံမှန်မဟုတ်ပေ။ လယ်ယာမြေများသည် မြေဆီလွှာအသင့်အတင့်အနေအထားတွင်ရှိပြီး စပါး၊နှမ်း၊ပဲနှင့်နေကြာတို့ကိုစိုက်ပျိုးထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကျောင်းအတွက် အဓိကအားထားရာ ဖြစ်သည်။ ရွာ၏အမြောက်ဘက်တွင် မြစ်သာမြစ်တည်ရှိသောကြောင်း သဲ၊ ကျောက်နှင့် ကျောက်စရစ်များ ထုတ်ယူရရှိနိုင်ပါသည်။

## ၃။ ကျေးရွာရှိကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် ရပ်မိရပ်ဖအဖွဲ့မှဦးဆောင်၍ ဘာသာရေးကိစ္စ၊လူမှုရေးကိစ္စ ဆောင်ရွက်ပါသည်။ အရန်မီးသတ်တပ်ဖွဲ့၊ ကျေးရွာမီးလင်းရေးကော်မတီ၊ ကျေးရွာရေရှိရေးကော်မတီ စသည့်အဖွဲ့ အစည်းများလည်း ဖွဲ့စည်းထားပါသည်။ လူငယ်များ၏ဦးဆောင်မှုဖြင့် သက်ကြီးပူဇော်ပွဲဖြစ်မြောက် ရေးကော်မတီ၊ ဆရာကန်တော့ပွဲဖြစ်မြောက်ရေးကော်မတီ၊ လူငယ်အဖွဲ့စသည့် အဖွဲ့ငယ်များ ဖွဲ့စည်းပြီး ကျေးရွာအကျိုးပြုလုပ်ငန်း များ ဆောင်ရွက်ကြပါသည်။

### (ခ) စီးပွားရေးနှင့် အသက်မွေးအခြေအနေ

ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ စပါး၊ပဲနှင့်နှမ်းစိုက်ပျိုးခြင်း လုပ်ငန်းများ ဖြစ်ပါသည်။ သီးထပ်အဖြစ် ပဲအမျိုးမျိုးနှင့် နေကြာတို့ကိုစိုက်ပျိုးပါသည်။ စပါးအထွက်နှုန်းမှာ တစ်ဧက တင်း(၄၀) မှ တင်း(၇၀)အထိ ထွက်ရှိပြီး ပျမ်းမျှတစ်ဧက တင်း(၅၅)ခန့် ထွက်ရှိပါသည်။ နှမ်းအ ထွက်နှုန်းမှာတစ်ဧက(၂)တင်းမှ(၁၀)တင်းအထိထွက်ရှိပြီး ပျမ်းမျှတစ်ဧက(၆)တင်းထွက်ရှိပါသည်။ ပဲထောပတ်တစ်ဧကလျှင် အနည်းဆုံး (၅)တင်းနှင့် အများဆုံး(၂၀)တင် ထွက်ရှိပါသည်။ သွင်းအားစု (ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ အားဆေး) ဈေးကြီးမှုပြဿနာ၊ စနစ်တကျသုံးစွဲမှု အားနည်းခြင်းကြောင့် မြေအချဉ်ပေါက်ခြင်း၊ ဓာတ်ကြွင်းကျန်မှုများ၍ ထွက်ကုန်အဆင့်အတန်း မဝင်တော့ဘဲ ထိန်းသိမ်းကာကွယ်ရမည့်အခြေအနေ ဖြစ်ပါသည်။

အော်ဂဲနစ်စိုက်ပျိုးရေးနည်းပညာ အစားထိုးသုံးစွဲတတ်ရန် နိုင်ငံတော်အဆင့်တောင်သူ ပညာပေးလုပ်ငန်းများ ဆောင်ရွက်သင့်ပါသည်။ ကျေးရွာတွင်ကုန်သည်များ၊ ကျပန်းဈေးသည်များ၊ ပန်းရံ၊ လက်သမားနှင့် ဆိုင်ကယ်ပြုပြင်ခြင်း တက်ကျွမ်းသူများရှိပါသည်။ သို့သော်လည်း အသက မွေးဝမ်းကျောင်း အတတ်ပညာများ သင်ကြားပြသပေးနိုင်မည့်သူ၊ စိုက်/ မွေးမဟုတ်သောအကိုင်များ

ဖန်တီးပေးနိုင်မည့်သူများ ကျေးရွာတွင်မရှိပါ။ အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားလိုလျင် နီးစပ်ရာမြို့များသို့ သွားရောက် သင်ယူရပါသည်။

(ဂ) **အခြေခံအဆောက်အဦ နှင့် ဝန်ဆောင်မှုများ**

ကျေးရွာတွင် သောက်သုံးရေသုံးစွဲရန် လက်တူးတွင်း(၇၆)တွင်း တူးဖော်အသုံးပြုကြပါသည်။ (သောက်သုံးရန် သင့်/မသင့် ဓာတ်ခွဲစမ်းသပ်ခြင်း မဆောင်ရွက်နိုင်သေးပါ။)

အလယ်တန်းကျောင်း (၁)ကျောင်းရှိပြီး၂၀၁၇-၂၀၁၈ခုပညာသင်နှစ်တွင် KGတန်းမှ၈တန်း အထိ ကျောင်းသား(၁၃၇)ဦးရှိပြီး ဆရာ/ဆရာမ(၁၁)ဦးဖြင့် သင်ကြားနေပါသည်။ (၉/၁၀)တန်း ကျောင်းသား/သူများသည် လက်ပန်ကျေးရွာ၊ ကန်ကျေးရွာနှင့် ဂန့်ဂေါမြို့အထက်တန်းကျောင်းများ တွင် ပညာသင်ယူ ကြရပါသည်။

ကျန်းမာရေး၀န်ဆောင်မှုအတွက် ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိသော်လည်း ကျေးရွာနှင့် (၁)မိုင်ခန့်အကွာရှိ မွေ့လယ်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲတည်ရှိပါသည်။ ကျေးရွာနှင့် (၈)မိုင်ခန့်အကွာရှိ မြောက်ခင်ရန်းကျေးရွာတိုက်နယ်ဆေးရုံတို့တွင် ကျန်းမာရေးပြုစု စောင့်ရှောက် ခြင်းများပြုလုပ်နိုင်ပါသည်။ မွေ့လယ်ကျေးရွာနှင့် (၁)မိုင်ခန့် ကွာဝေးသော်လည်း မြေသားလမ်း ဖြစ်နေသောကြောင့် မိုးရာသီတွင်သွားလာရန် ခက်ခဲပါသည်။

(ဃ) **ဘဏ်နှင့်ငွေကြေး ဝန်ဆောင်မှု**

ငွေကြေးဝန်ဆောင်မှုပေးရာတွင် တောင်သူလယ်သမားများအတွက် လယ်ယာစိုက်ပျိုးရေး ဘဏ်မှမိုးစပါးစိုက်ပျိုးစရိတ်ချေးငွေ လယ်တစ်ဧကလျှင်(၁)သိန်း၊ ယာတစ်ဧကလျှင်(၅)သောင်းနှုန်း ငွေထုတ်ချေးပါသည်။ နှစ်ရှည်ချေးငွေဆိုလျှင် တောင်သူများ အတွက် ပိုမိုအဆင်ပြေပါသည်။ ငွေချေးခြင်းထက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ဖို့ လိုအပ်ပါသည်။

(င) **ပညာရေး**

ကျေးရွာတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ ဘွဲ့ရ စသည့်ဖြင့် အလွှာအသီးသီး ရှိပါသည်။ လက်ရှိ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် တက္ကသိုလ်/ ကောလိပ်တက်ရောက်သူ (၅၇)ဦး ရှိပါသည်။ အထက်တန်းတွင် (၃၃)ဦး၊ အလယ်တန်းတွင်(၅၆)ဦး နှင့် မူလတန်းတွင် (၈၁)ဦးတို့ ပညာသင်ကြားလျက်ရှိပါသည်။

ထို့ကြောင့် ပညာတစ်ပိုင်းတစ်စနှင့် ထွက်လိုက်ရသောလူငယ်များ ရှိလာသောကြောင့် အသက်မွေးဝမ်းကျောင်းအတတ်ပညာသင်ကြားမှု ဆောင်ရွက်နိုင်လျှင် လူငယ်အများစုအတွက် အကျိုးရှိပါသည်။

(စ) **ကျန်းမာရေး**

ကျေးရွာတွင်း နေထိုင်သူအများစုသည် ကျန်းမာရေးကောင်းမွန်ကြပြီး ရောဂါအနေဖြင့် မသန့် ရှင်းသော စားအုန်းဆီစားသုံးမိ၍ သွေးတိုးရောဂါဖြစ်ပွားခြင်း၊ ဆီချိုရောဂါနှင့် နှလုံးသွေးကြော ကျဉ်ရောဂါများ ဖြစ်ပွားလေ့ရှိပါသည်။ ကျန်းမာရေးဆိုင်ရာ ဗဟုသုတရှိသောကြောင့် ရာသီအလိုက်

ဖြစ်ပွားလေ့ရှိသော သွေးလွန်တုပ်ကွေးရောဂါများ အဖြစ်နည်းသည်ကို တွေ့ရပါသည်။ ကျန်းမာရေးဝန်ဆောင်မှုအတွက် ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိသော်လည်း ကျေးရွာနှင့် (၁)မိုင်ခန့်အကွာရှိ မွေ့လယ်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲတည်ရှိပါသည်။ ကျေးရွာနှင့် (၈)မိုင်ခန့်အကွာရှိ မြောက်ခင်ရန်းကျေးရွာတိုက်နယ်ဆေးရုံတို့တွင် ကျန်းမာရေးပြုစု စောင့်ရှောက်ခြင်းများပြုလုပ်နိုင်ပါသည်။ အာဟာရအနေဖြင့် ကျောင်းအဟာရတိုက်ကျွေးမှု အစီအစဉ်များအပြင် ကျန်းမာရေးဌာနမှ အသိပညာပေးဟောပြောပွဲများ ကျင်းပပေးမှုကြောင့် ကျေးရွာသူ/ကျေးရွာသားများအနေဖြင့် အာဟာရ ပြည့်ဝအောင် စားသုံးကြပြီး အာဟာရချို့တဲ့မှု မရှိကြောင်း တွေ့ရပါသည်။

သွေးလွန်တုတ်ကွေးရောဂါဖြစ်ရခြင်းများ ခြင်ပေါက်ဖွားမှုဖြစ်ပြီး ရေနှုတ်မြောင်းများမရှိခြင်း၊ ကျေးရွာရေဆိုးထုတ်မြောင်းမရှိခြင်း၊ ရွာ၏အနိမ့်ပိုင်းနေရာမှရေများအောင်းနေသည့်ပတ်ဝန်းကျင်မှ ကလေးများသာ အဖြစ်များကြောင်း တွေ့ရှိရပါသည်။ ယခုနှစ် ပွင့်လင်းရာသီတွင် ရေနှုတ်မြောင်း၊ ရေဆိုးထုတ်မြောင်း ဖောက်လုပခြင်းဖြင့် ကလေးများ၏ကျန်းမာရေးကို စောင့်ရှောက်ရမည် ဖြစ်ပါသည်။

(ဆ) **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာလယ်ယာမြေများသည် ဓာတ်မြေဩဇာ ၊ ပိုးသတ်ဆေးများသည် ဓာတုဆေးများဖြစ်တာကြောင့် သတ်မှတ်နှုန်းထား၊ ပမာဏ၊ အချိန်စသည် ညွှန်ကြားချက်များအတိုင်းလုပ်ကိုင်နိုင်မှုအားနည်းခြင်းကြောင့် မြန်မာ့စိုက်ပျိုးရေး ထွက်ကုန်များသည် နိုင်ငံတကာဈေးကွက်တွင် မျက်နှာပန်းမလှ ဖြစ်ခဲ့ရသည်။ တောင်သူများအနေဖြင့် ထွန်ယက်စိုက်ပျိုးရာတွင် ဓါတုပိုးသတ်ဆေး များ၊ ဓါတ်မြေဩဇာများ အသုံးပြုခြင်းများကြောင့် ကျေးရွာသူ/သားများ သွေးတိုး၊ ဆီးချိုနှင့် နှလုံးသွေးကြောကျဉ်းရောဂါများ ဖြစ်ပွားလျက်ရှိကြောင်းတွေ့ရှိရပါသည်။

(ဇ) **ကျား / မ ရေးရာ**

ကျား/မရေးရာတွင် အမျိုးသားများသည် တောင်ယာလုပ်ငန်းများလုပ်ကိုင်ကြပြီး အမျိုးသမီးများသည်လည်း စက်ချုပ်ခြင်း၊ ယက်ကန်ယက်ခြင်းများ ဆောင်ရွက်ကြပါသည်။ ဘာသာရေး၊ လူမှုရေး၊ ပရဟိတအသင်းအဖွဲ့များတွင် အမျိုးသား၊ အမျိုးသမီးအချိုးတူ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းကြောင့် ကျား/မ ရေးရာသည် ညီမျှပါသည်။

အုပ်ချုပ်ရေးနယ်ပယ်တွင်လည်း အမျိုးသမီးများ ပါဝင်မှုမရှိသော်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူပါဝင်လာ၍ ကျား/မ တန်းတူအခွင့်အရေး ရှိပါသည်။

## ၄။ ဂန့်ဂေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီဌာန ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးစီမံချက်လုပ်ငန်းများ

| စဉ် | ကျေးရွာအုပ်စု | ကျေးရွာအမည် | စီမံချက်အမည် | ဦးစားပေးအဆင့် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | သာစည် | သာစည် | မွေ့လယ်-သာစည် ရွာချင်းဆက်လမ်း အဆင့်မြှင့်တင်ရန် | ၁ | |
| | | | ကျေးလက်ကျန်းမာရေးဌာနခွဲ တည်ဆောက်ရန် | ၂ | |
| | | | အားကစားကွင်းဖော်ဆောင်ပေးရန် | ၃ | |
| | | | မျိုးကောင်းမျိုးသန့်တိရိစ္ဆာန်များ မွေးမြူနိုင်ရန် | ၄ | |
| | | | အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ပေးရန် | ၅ | |

## ၅။ ဂန့်ဂေါမြို့နယ် ၊ သာစည်ကျေးရွာ၏ နှစ်အလိုက် စီမံချက်လုပ်ငန်းများ

| စဉ် | လုပ်ငန်းအမည် | အဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|---|
| ၁ | မွေ့လယ်-သာစည် ရွာချင်းဆက် လမ်း အဆင့်မြှင့်တင်ရန် | ၁ | ✓ | | | | |
| ၂ | ကျေးလက်ကျန်းမာရေးဌာနခွဲ တည်ဆောက်ရန် | ၂ | | ✓ | | | |
| ၃ | အားကစားကွင်းဖော်ဆောင် ပေးရန် | ၃ | | | ✓ | | |
| ၄ | မျိုးကောင်းမျိုးသန့်တိရိစ္ဆာန်များ မွေးမြူနိုင်ရန် | ၄ | | | | ✓ | |
| ၅ | အသက်မွေးဝမ်းကျောင်း သင်တန်းများဖွင့်လှစ်ပေးရန် | ၅ | | | | | ✓ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြုဇယားများ

### (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) သာစည်ကျေးရွာ၏ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၇ | ၅ | ၁၂ |
| ၁ နှစ်မှ ၄ နှစ်အထိ | ၅ နှစ်အောက်ကလေးငယ် | ၁၇ | ၁၉ | ၃၆ |
| ၅ နှစ်မှ ၉ နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၂၆ | ၃၀ | ၅၆ |
| ၁၀ နှစ်မှ ၁၄ နှစ်အထိ | အလယ်တန်းကျောင်းသားအရွယ် | ၃၅ | ၄၁ | ၇၆ |
| ၁၅ နှစ်မှ ၆၄ နှစ်အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၃၁ | ၃၄၉ | ၆၈၀ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၁၆ | ၂၈ | ၄၄ |
| **စုစုပေါင်း** | | **၄၃၆** | **၄၇၀** | **၉၀၆** |
| **စုစုပေါင်းအိမ်ထောင်စု** | | **၁၉၆** | | |

ရင်းမြစ်-(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု ၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** သာစည်ကျေးရွာတွင် လူငယ်ဦးရေ အသင့်အတင့်ရှိပြီး လူလတ်ဦးရေ အများအပြားရှိပါသည်။ သက်ကြီးပိုင်းအသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် လူဦးရေတိုးပွားလာပါသဖြင့် နေထိုင်ရန် မြေနေရာများ လိုအပ်ပါသည်။

### (၂) သဘာဝရင်းမြစ်နှင့်ရာသီဥတုအခြေအနေ

### (၂.၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

ဇယား (၂) သာစည်ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး ကောင်း၊သင့်၊ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သောရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည့်) |
|---|---|---|---|---|
| လယ်မြေ | ၁၇၇ | သင့် | အနည်းအကျဉ်း | - |
| ယာမြေ/တောင်ယာမြေ | ၅၉၃ | သင့် | အနည်းအကျဉ်း | - |
| ဥယျာဉ်ခြံမြေ | ၁ | သင့် | အနည်းအကျဉ်း | - |
| ကိုင်း/ကျွန်းမြေ | - | - | - | - |
| ခနိတောမြေ | - | - | - | - |
| စားကျက်မြေ | - | - | - | - |
| မြေလွတ် မြေလပ် | - | - | - | - |
| **စုစုပေါင်း** | **၇၇၁** | - | - | - |

ရင်းမြစ် - ဦးတည်အုပ်စု ဆွေးနွေးခြင်း-ရပ်မိ/ရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** သာစည်ကျေးရွာလယ်မြေဧက အသင့်အတင့်ရှိပြီး ရေရရှိမှုနည်းပါးပါသည်။ မိုးရေကိုသာ အဓိကအားထား စိုက်ပျိုးရသောကြောင့် မိုးခေါင်သည့်နှစ်တွင် အထွက်နှုန်း ကျဆင်းပါသည်။ ထို့ကြောင့် ဆည်မြောင်းများတည်ဆောက်ပေးရန် လိုအပ်ပါသည်။

**(၂.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ**

ဇယား(၃) ရဲလှကျေးရွာ၏ ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| **အမျိုးအစား** | **ရရှိနိုင်မှု (များ၊သင့်၊နည်း၊မရှိ)** | **အသုံးပြုနိုင်မှု (လွယ် ၊ ခက် ၊ လက်လှမ်းမမီ)** |
|---|---|---|
| ကာဗွန်(ဓာတ်ငွေ့၊ရေနံ) | မရှိ | ခက် |
| ဓာတ်သတ္တု(ကျောက်မျက်၊သတ္တု) ကျောက်၊ကျောက်မီးသွေး၊သဲ)စသည့် သဘာဝအရင်းအမြစ် | များ | လွယ် |
| တိရိစ္ဆာန်မျိုးစိပ်များ | မရှိ | ခက် |
| အပင်မျိုးစိပ်များ (လူ၊တိရိစ္ဆာန်တို့အတွက်အသုံးဝင်သော | များ | လွယ် |
| ပျမ်းမျှအပူချိန် - | ပျမ်းမျှမိုးရေချိန် - | |

ရင်းမြစ်-ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိ/ရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** သာစည်ကျေးရွာတွင် ကျောက်၊ သဲများရရှိနိုင်ပြီး အသုံးပြုရန်လွယ်ကူပါသည်။ အပင်မျိုးစိတ် အများအပြားရှိပြီး အသုံးပြုနိုင်မှု များပါသည်။

## (၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ဇယား(၄) သာစည်ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| **စဉ်** | **အဖွဲ့အစည်း အမည်** | **အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)** | **လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခု နှင့်အထက် ရွေးနိုင်သည်)** | **အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ(သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက်** |
|---|---|---|---|---|
| ၁ | လယ်သမား အဖွဲ့ | ၁ □၂ □၃√ | ပညာရေး □ ငွေကြေး □ ကျန်းမာရေး□ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး √ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့်ကာကွယ်ရေး□ | |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခု နှင့်အထက် ရွေးနိုင်သည်) | အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်း မှုဆိုင်ရာ ရှင်းလင်း ဖော်ပြချက် |
|---|---|---|---|---|
| ၂ | ငွေစုငွေချေး အဖွဲ့ | ၁ □၂ □၃√ | ပညာရေး □ ငွေကြေး √<br>ကျန်းမာရေး□ ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့်ကာကွယ်ရေး □ | |
| ၃ | အမျိုးသမီး အဖွဲ့ | ၁□၂ □၃√ | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး □ ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့်ကာကွယ်ရေး□ | |
| ၄ | လူငယ်အဖွဲ့ | ၁□၂ √ ၃□ | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး□ ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့်ကာကွယ်ရေး √ | |
| ၅ | ကိုယ်ထူ ကိုယ်ထ အဖွဲ့ | ၁ □၂ □၃√ | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး □ ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး √<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □<br>လုံခြုံရေးနှင့်ကာကွယ်ရေး □ | |
| ၆ | ဘာသာရေး နှင့် ယဉ်ကျေးမှု အဖွဲ့ | ၁□၂ √ ၃□ | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး □ ဘာသာရေး√<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့်ကာကွယ်ရေး□ | |

ရင်းမြစ်-ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိ/ရပ်ဖအုပ်စု ၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ပရဟိတလုပ်ကိုင်ဆောင်ရွက်ခြင်းတို့ကို လူငယ်များမှ လုပ်ကိုင်ဆောင်ရွက်ကြပြီး သာရေး/နာရေးများတွင် လူငယ်ပရဟိတအဖွဲ့မှ တက်ညီလက်ညီ ဆောင်ရွက်ကြပါသည်။ ကျန်းမာရေးကိစ္စများအတွက် မိုးရာသီတွင်ဗွက်များထခြင်း၊ သွားလာရန် ယာဉ်မရှိ အရေးကြီးသောလူနာများအတွက် အခက်အခဲဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် နာရေးကူညီမှုအသင်း အတွက် ကားတစ်စီးလိုအပ်ပါသည်။

## (၄) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

### (၄.၁) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား(၅) သာစည်ကျေးရွာ၏ ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း: | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ် ရှိသော အိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၀ ဧကနှင့် အထက် | ၄ ဧကနှင့် ၁၀ ဧကကြား | ၄ဧကအောက် | မြေယာမဲ့ |
| အိမ်အခြေအနေ | နှစ်ထပ်တိုက် | ပျဉ်ထောင် သွပ်မိုး | ထရံကာ၊ ကပ်မိုး | (၃)ပင် ကပ်ကာ မြေစိုက်အိမ် |
| ကုန်ထုတ်လုပ်မှု နှင့်ဆိုင်သော ပိုင်ဆိုင်မှု | ကား၊ ဆန်စက်၊ ဆီစက်၊ ထွန်စက်၊ ခြေလှေ့စက် | ကွန်ဒေါင်း၊ ဆိုင်ကယ် | ဆိုင်ကယ်၊ စက်ဘီး၊ ကျွဲ၊ နွား | - |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူ | တောင်သူ | တောင်သူ | ကျပန်း |
| အိမ်ထောင်စု | ၄ | ၅၉ | ၁၂၅ | ၈ |

ရင်းမြစ်-(၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အိမ်ထောင်စု (၁၉၆) စု ရှိသည့်အနက် အဆင်ပြေသော အိမ်ထောင်စု နည်းပါးပြီး မပြေလည်သောအိမ်ထောင်စုများပြားသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် ကျေးရွာ၏ စီးပွားရေးတိုးတက်စေရန် အသက်မွေးဝမ်းကြောင်း သင်တန်းများ ဖွင့်ပေးလျှင် အလုပ်လက်မဲ့ဖြစ်နေ သူများ အတွက် လွန်စွာအကျိုးရှိမည် ဖြစ်ပါသည်။

### (၄.၂) သီးနှံထုတ်လုပ်မှု

### (၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား(၆) သာစည်ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု ၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု ရာခိုင်နှုန်း | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၉၀ | ၄၆% | မြေမဲ့ ယာမဲ့ |
| ၂ | ၂.၅ ဧကအောက်(၁ဟက်တာထိ) | ၂၅ | ၁၃% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ၅ဧကအထိ(ဟက်တာထိ) | ၃၁ | ၁၆% | တောင်သူငယ် |
| ၄ | ၅ဧကမှ ၁၂.၅ဧကထိ (၅ ဟက်ထာထိ) | ၄၃ | ၂၂% | တောင်သူလတ် |
| ၅ | ၁၂.၅ဧကအထက် (၅ ဟက်တာနှင့်အထက်) | ၇ | ၃% | တောင်သူကြီး |
| | ကျေးရွာရှိ အိမ်ထောင်စု စုစုပေါင်း | ၁၉၆ | | |

ရင်းမြစ် - (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း-
လယ်သမားအုပ်စု ၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
(၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး

**လေ့လာတွေ့ရှိချက်။** ။ သာစည်ကျေးရွာတွင် စိုက်ပျိုးမြေဧရိယာ အသင့်အတင့်ရှိပါသည်။ မြေယာမဲ့နှင့် ဆင်းရဲသားတောင်သူမှာ (၅၉%)ခန့်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ကျေးရွာသည် ကျေးလက်နေပြည်သူများဖြစ်သောကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးကိုသာအဓိကထား လုပ်ကိုင်ကြပြီး လယ်ယာမဲ့အများစုမှာမြို့ပေါ်တက်၍ လမ်းလုပ်ငန်း၊ တံတားလုပ်ငန်းများတွင် ကျပန်းအလုပ်၊ ပန်းရံနှင့် လက်သမားလုပ်ငန်းဖြင့် လုပ်ကိုင်စားသောက်ကြပါသည်။ စိုက်ပျိုးရေး၊ မြေဆီလွှာထိန်းသိမ်းရေးနှင့် သီးနှံဖျက်ပိုး ကာကွယ်ရေးများအတွက် နည်းပညာနှင့် ငွေကြေးအထူးလိုအပ်နေကြောင်း လေလာတွေ့ရှိရပါသည်။

### (၄-၂-၂) အဓိက သီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧကအထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | |
| ပဲ | ၅၀ | တင်း | ၂ | ၈ | ၅ | |
| ပဲထောပတ် | ၅၀ | တင်း | ၅ | ၂၀ | ၁၂.၅ | |
| နှမ်း | ၅၀ | တင်း | ၂ | ၁၀ | ၆ | |
| စပါး | ၆၀ | တင်း | ၄၀ | ၇၀ | ၅၅ | |

ရင်းမြစ်-ဦးတည်အုပ်စုဆွေးနွေးခြင်း၊ လယ်သမားအုပ်စု ။

**လေ့လာတွေ့ရှိချက်။** သီးနှံများ အထွက်နှုန်းမှာ အသင့်အတင့်ရှိပြီး၊ နှမ်းသီးနှံ၏လုပ်အားခမှာ အခြားသီးနှံများ၏ လုပ်အားခထက် ကုန်ကျစရိတ်များပြီး အချို့နှစ်များတွင် ကိုင်းမြေ၌ စိုက်ပျိုးသော နှမ်းသီးနှံများသည် မြစ်ရေတက်မှုကြောင့် ပျက်စီးဆုံးရှုံးရသည်ကို လေ့လာတွေ့ရှိရပါသည်။ သဘာဝအော်ဂဲနစ်မြေဩဇာများအသုံးပြုလျှင် သီးနှံများအထွက်တိုးလာနိုင်ပါသည်။

## (၄-၃) မွေးမြူရေးလုပ်ငန်း

ဇယား(၈) သာစည်ကျေးရွာ၏ မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသော ကောင်ရေအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၁၁၃ | ၃၆၅ |
| နို့စားနွား | - | - |
| ကျွဲ | ၅၅ | ၁၅ |
| မြင်း | - | - |
| မြည်း | - | - |
| လား | - | - |
| ဆိတ် | - | - |
| သိုး | - | - |
| ဝက် | ၁၃၉ | ၂၂၂ |
| ကြက် | ၁၈၂ | ၂၆၅၃ |
| ဘဲ | ၁ | ၁ |
| နွားနောက် | - | - |
| ငါးလုပ်ငန်း | - | - |
| ငါးကန် | - | - |
| ပုဇွန်ကန် | - | - |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | - | - |
| ရေချိုငါးဖမ်းလုပ်ငန်း | - | - |
| ကမ်းလွန်ငါးဖမ်းလုပ်ငန်း | - | - |

ရင်းမြစ်-(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊(၂)ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** သာစည်ကျေးရွာတွင် မွေးမြူရေးလုပ်ငန်း အများအပြားမရှိပါ။ ကျွဲ၊ နွားများကို ခိုင်းစေရန်အတွက် မွေးမြူကြပါသည်။ ကြက်များကို စာသုံးကြရန် မွေးမြူကြပါသည်။ စီးပွားဖြစ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများ မရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ မွေးမြူရေးလုပ်ငန်း စိတ်ဝင်စားသူများရှိသည်ကိုလည်း တွေ့ရှိရပါသည်။

**(၄.၄) စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ**

ဇယား (၉) သာစည်ကျေးရွာ၏ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေ အတွက် | ဝန်ထမ်း/ အလုပ် သမား အရေ အတွက် | မိသား စုဝင် လုပ် အား | ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်) နှင့်ရှင်းလင်း ဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေးနှင့်သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း | - | - | - | - |
| ၂ | ထုတ်ကုန်လုပ်ငန်း | - | - | - | - |
| ၃ | လျှပ်စစ်၊ဓာတ်ငွေ့နှင့်ရေပေးရေး | - | - | - | - |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံ လုပ်ငန်း | - | - | - | - |
| ၅ | ယာဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | - | - | - | - |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊အလှ၊ ပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်း ပေးသူ) | - | - | - | - |
| ၇ | လက်လီ-လက်ကားရောင်းဝယ်ရေး | ၁၁ | ၁၂ | ၁၇၁ | လတ် |
| ၈ | ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း | - | - | - | - |
| ၉ | ပို့ဆောင်ရေး၊သိုလှောင်ရေး | - | - | - | - |
| ၁၀ | ငွေချေးဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ငွေချေးခြင်းလုပ်ငန်းအပါ အဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း) | - | - | - | - |
| ၁၁ | အိမ်ခြံမြေရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ | - | - | - | - |
| ၁၂ | ပညာရေး | - | - | - | - |
| ၁၃ | ကျန်းမာရေး | - | - | - | - |
| ၁၄ | လူမှုရေးလုပ်ငန်းများ | - | - | - | - |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများအပ) | - | - | - | - |

ရင်းမြစ်- ဦးတည်အုပ်စု ဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု ၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူအုပ်စု ၊ လူငယ်အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ သာစည်ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးကဏ္ဍ အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် ဘွဲ့ရပညာတတ်များ ပေါများပြီး အလုပ်အကိုင်မရှိကြသည်ကို လေ့လာတွေ့ရှိရပါသည်။ ကုန်စုံဆိုင် (၁၁)ဆိုင်ခန့်ရှိသည်ကို တွေ့ရှိရပါသည်။ အသက်မွေး ဝမ်းကျောင်းသင်တန်းဖွင့်ပေးလျှင်များစွာ အကျိုးရှိမည်ဖြစ်ပါသည်။

**(၅) အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**

**(၅.၁) ဈေး**

ဇယား(၁၀)ကုန်စည်နှင့်ဝန်ဆောင်မှု ၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| **ဈေးကွက်လက်လှမ်းမီမှု** | **အနီးဆုံးဈေး (အနီးဆုံးတစ်ခုကိုသာဖော်ပြရန်)** | **အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်)** |
|---|---|---|
| ဈေးအမည်(မြို့/ရွာ) | ကန်ရွာ | ဂန့်ဂေါမြို့ |
| ရွာမှအကွာအဝေး(မိုင်) (အနီးစပ်ဆုံးတစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်) | ၀ မှ ၁ မိုင် □ ၁ မှ ၅ မိုင် √<br>၅ မှ ၁၀ မိုင် □ ၁၀ မှ ၁၅ မိုင် □<br>၁၅ မိုင် အထက် □ | ၀ မှ ၁၀ မိုင်□၁၁ မှ ၂၀ မိုင် □<br>၂၁ မှ ၃၀ မိုင် □ ၃၀ မှ ၅၀ မိုင် √<br>၅၁ မှ ၁၀၀ □ ၁၀၀ မိုင်အထက် □ |
| သယ်ယူပို့ဆောင်ရေး နည်းလမ်း | ခြေလျှင် √ စက်ဘီး□ ဆိုင်ကယ်√<br>ကား/ထော်လာကျီ □ ရထား □<br>သုံးဘီးဆိုင်ကယ်□ လှေ □<br>စက်လှေ √ | ခြေလျှင် □ စက်ဘီး □ ဆိုင်ကယ်√<br>ကား/ထော်လာကျီ √ ရထား □<br>သုံးဘီးဆိုင်ကယ် □ လှေ □<br>စက်လှေ √ |

ရင်းမြစ်- ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု၊လယ်သမားအုပ်စု၊အမျိုးသမီးအုပ်စု၊ စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာနေပြည်သူများအနေဖြင့် ပို့ဆောင်ဆက်သွယ်ရေးခက်ခဲသဖြင့် ကုန်စည်နှင့် ဝန်ဆောင်မှုများကို အလွယ်တကူ မရရှိနိုင်ပါ။ ဈေးနှုန်းများ မြင့်တက်သောကြောင့် ကုန်စည်နှင့်ဝန်ဆောင်မှု ဝယ်ယူသူအသင့်အတင့်သာရှိပါသည်။ ကျေးရွာချင်းဆက်လမ်းသည် မြေသားလမ်းဖြစ်နေသောကြောင့် မိုးရာသီတွင် သွားလာရန် လွန်စွာခက်ခဲပါသည်။

**(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ**

ဇယား(၁၁) သာစည်ကျေးရွာ၏လမ်းတည်ရှိမှု အခြေအနေ

| **လမ်းအမျိုးအစား** | **အမျိုးအစား** | **အရည်အသွေး** | **ရာသီအလိုက် သုံးစွဲနိုင်မှု** | **လမ်းအရှည်(မိုင်)** |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁√ ၂□၃ □<br>၄ □ ၅ □ | ကောင်း□ သင့်√ ညံ့□ | ပွင့်လင်းရာသီ√<br>တစ်နှစ်ပတ်လုံး□ | ၀-၁မိုင် □<br>၁-၅မိုင် √<br>၅-၁၀ မိုင် □<br>၁၀ မိုင်အထက် □ |
| ချဉ်းကပ်လမ်း | ၁ √ ၂□ ၃ □<br>၄ □ ၅ □ | ကောင်း□ သင့် □ညံ့√ | ပွင့်လင်းရာသီ √<br>တစ်နှစ်ပတ်လုံး□ | ၀-၁မိုင် □<br>၁-၅မိုင် √<br>၅-၁၀ မိုင် □<br>၁၀ မိုင်အထက် □ |

| | | | | |
|---|---|---|---|---|
| ရွာချင်းဆက်လမ်း | ၁√ ၂□ ၃ □<br>၄ □ ၅ □ | ကောင်း□သင့်□ ညံ့ √ | ပွင့်လင်းရာသီ √<br>တစ်နှစ်ပတ်လုံး□ | ၀-၁မိုင် □<br>၁-၅မိုင် □<br>၅-၁၀ မိုင် □<br>၁၀ မိုင်အထက် √ |

ရင်းမြစ်- ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လမ်းအများသည် မိုးရာသီတွင် သွားလာရန်ခက်ခဲပါသည်။ လမ်းအမျိုးအစားမှ မြေသားလမ်းဖြစ်၍ ရွံ့ဗွက်များဖြစ်ပေါ်ကာ သွားလာရေးခက်ခဲပါသည်။ ရွာချင်းဆက်လမ်း ရဲလှ-သာစည်လမ်းနှင့် မွေ့လယ်-သာစည်လမ်း(၂)လမ်းလုံး မြေသားလမ်းဖြစ်၍ သွားလာရေးခက်ခဲပါသည်။

**(၅.၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး**

ဇယား(၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး(အသုံးမပြုပက အကွာအဝေး(မိုင်)အကွက်အောက်ရှိ အသုံးမပြုပါ အကွက်တွင် √ ပါ )။

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး(မိုင်) | ယာဉ်အမျိုးအစား | ရာသီအလိုက်သုံးစွဲနိုင်မှု |
|---|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် √<br>၁၁ မှ ၂၀ မိုင် □<br>၂၁ မှ ၅၀ မိုင် □<br>၅၀ မိုင်အထက် □<br>အသုံးမပြုပါ □ | ၁ □ ၂ □ ၃ □ | ပွင့်လင်းရာသီ □<br>တစ်နှစ်ပတ်လုံး √ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင်<br>၁၁ မှ ၂၀ မိုင် □<br>၂၁ မှ ၅၀ မိုင် □<br>၅၀ မိုင်အထက် □<br>အသုံးမပြုပါ √ | ၁ □ ၂ □ ၃ □ | ပွင့်လင်းရာသီ □<br>တစ်နှစ်ပတ်လုံး□ |

ရင်းမြစ်-ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ သာစည်ကျေးရွာသည် သာကောင်းကျေးရွာသို့သွားရန် မြစ်သာမြစ်ကြားခံနေသောကြောင့် မိုးရာသီတွင် စက်လှေကိုအဓိကထား အသုံးပြုရပါသည်။ နွေရာသီ၊ ဆောင်းရာသီတွင် ရွာသူ/သားများဝိုင်းဝန်းပြီး တံတားများပြုလုပ်ပေး၍ သွားလာရန် လွယ်ကူပါသည်။ ထို့ကြောင့် မိုးရာသီတွင် သွားလာရေးလွယ်ကူစေရန် တံတားတစ်စင်းထိုးပေးရန် လိုအပ်လျက်ရှိကြောင်း လေ့လာတွေ့ရှိ ရပါသည်။

**(၅-၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့်ဝန်ဆောင်မှုများ**

ဇယား(၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဘာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| အရေအတွက် | - | - | ၆၂ | ၁၆၅ | - | - | ၆ | - | ၁၂၄ |

ရင်းမြစ်- ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာနေပြည်သူများအနေဖြင့် ဆိုင်ကယ်ကို အများဆုံးအသုံးပြုကြပြီး ပဲ၊ စပါး၊ နှမ်းသီးနှံများကို နွားလှည်းများဖြင့် တောမှအိမ်သို့ သယ်ယူအသုံးပြုကြပါသည်။ ဆိုင်ကယ်ကိုသာ သွားလာရေးအတွက် အဓိကကျသော ယာဉ်အဖြစ်အသုံးပြုကြပါသည်။

## (၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား(၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| မဟာဓာတ်အားလိုင်း | - |
| ဆိုလာစနစ် | ၁၇၅ |
| အသေးစားရေအားလျှပ်စစ် | - |
| ဒီဇယ်သုံးအင်ဂျင် | - |
| လေစွမ်းအင် | - |
| ဇီဝလောင်စာ | - |
| အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | - |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | ၂၁ |

ရင်းမြစ် - (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု ၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု ။

**လေ့လာတွေ့ရှိချက်။** လျှပ်စစ်မီးအသုံးပြုမှုနှင့် ပတ်သက်၍ ဆိုလာစနစ်ဖြင့် မီးလင်းသည့် အိမ်ထောင်စုများပြားသည်ကို လေ့လာတွေ့ရှိရပါသည်။ ကျေးရွာတွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားရရှိရန် ကြိုးပမ်းဆောင်ရွက်နေဆဲဖြစ်ပါသည်။ ဆင်းရဲသောအိမ်ထောင်စုများမှ ငွေကေးမတတ်နိုင်ပါသဖြင့် အခက်အခဲဖြစ်နေသည်ကို လေ့လာတွေ့ရှိရပါသည်။ ကျေးရွာပိုင် ဒီဇယ်အင်ဂျင်ကိုအသုံးပြုသူများရှိသလို ဓာတ်ခဲစသည်တို့ဖြင့် အသုံးပြုရသောမီးအိမ်များ အသုံးပြုသော အိမ်ထောင်စုများကို တွေ့ရှိရပါသည်။

## (၅.၆) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၁၅) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာအခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| အရေအတွက် | ၂၆၁ | ၅၅ | ၂၂ |

ရင်းမြစ် - အိမ်ထောင်စုစာရင်း ကောက်ယူမှု

**လေ့လာတွေ့ရှိချက်** ။ ။ကျေးရွာသည်တာဝါတိုင်များနှင့် နီးသဖြင့်ဖုန်းအင်တာနက် အသုံးပြုသူများပြားလာပါသည်။ သတင်းစာ ၊ဂျာနယ်ဖတ်သူများ နည်းပါးသွားပြီး လူမှုကွန်ယက် အသုံးပြုသူများပြားပါသည်။သတင်းအချက်အလက်များကို လေ့လာကြည့်ရှုသူများပြားလာကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၆) ပညာရေး

### (၆-၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၄၂ | ၃၉ | ၈၁ |
| အလယ်တန်း | ၂၃ | ၃၃ | ၅၆ |
| အထက်တန်း | ၁၆ | ၁၇ | ၃၃ |
| တက္ကသိုလ်ကောလိပ် | ၂၂ | ၃၅ | ၅၇ |

ရင်းမြစ် - (၁)ကျောင်းဝင်စာရင်း ၊ (၂) ဆယ်အိမ်မှူးများ

**လေ့လာတွေ့ရှိချက်** ။ ။ကျေးရွာရှိ အ.လ.ကကျောင်းတွင် ကျောင်းသား/သူ (၁၃၇)ဦးရှိပါ သည်။ တက္ကသိုလ်တက်ရောက်နေသူ ( ၅၇ )ဦးရှိပါသည်။ ယနေ့ခေတ်သည် ပညာရေးကို ဦးစားပေးသော ခေတ်ဖြစ်၍ ပညာတတ်လူဦးရေမှာ ကျေးရွာ၌ အသင့်အတင့်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

### (၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| က။ ကျောင်းအဆင့် | မူလတန်း □<br>မူလွန် □<br>အလယ်တန်း(ခွဲ)□<br>အလယ်တန်း √<br>အထက်တန်း(ခွဲ) □<br>အထက်တန်း □ | မူလတန်း □<br>မူလွန် □<br>အလယ်တန်း(ခွဲ)□<br>အလယ်တန်း □<br>အထက်တန်း(ခွဲ)□<br>အထက်တန်း □ | မူလတန်း □<br>မူလွန် □<br>အလယ်တန်း(ခွဲ)□<br>အလယ်တန်း □<br>အထက်တန်း(ခွဲ)□<br>အထက်တန်း □ |
| ခ။ ရွာမှအကွာအဝေး(မိုင်) | ၀ မှ ၁ မိုင် √<br>၁ မိုင် မှ ၃ မိုင် □<br>၁၅ မိုင်မှ ၂၀ မိုင် □<br>၂၀ မိုင် အထက် □ | ၀ မှ ၁ မိုင် □<br>၁ မိုင် မှ ၃ မိုင် □<br>၁၅ မိုင်မှ ၂၀ မိုင်□<br>၂၀ မိုင် အထက် □ | ၀ မှ ၁ မိုင် □<br>၁ မိုင် မှ ၃ မိုင် □<br>၁၅ မိုင်မှ ၂၀ မိုင် □<br>၂၀ မိုင် အထက် □ |
| ဂ။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် √<br>စက်ဘီး □<br>ဆိုင်ကယ် □<br>ကား □ | ခြေလျင် □<br>စက်ဘီး □<br>ဆိုင်ကယ် □<br>ကား □ | ခြေလျင် □<br>စက်ဘီး □<br>ဆိုင်ကယ် □<br>ကား □ |
| ဃ။ စာသင်ကျောင်း၏စုစုပေါင်း ကြမ်းခင်းဧရိယာ(စတုရန်းပေ) | ၁၀၉၅၀ | | |
| င။ အမိုး ၊ နံရံ ၊အခင်း အရည်အသွေး | ကောင်း□သင့်□ ညံ့√ | ကောင်း□သင့်□ ညံ့□ | ကောင်း□သင့်□ ညံ့□ |
| စ။ ကျောင်းသုံး ပရိဘောဂ လုံလောက်မှု | လုံလောက်မှုရှိပါသည်□<br>မလုံလောက်ပါ √ | လုံလောက်မှုရှိပါသည်□<br>မလုံလောက်ပါ □ | လုံလောက်မှုရှိပါသည်□<br>မလုံလောက်ပါ □ |

| | | | |
|---|---|---|---|
| ဆ။ ကျောင်းအိမ်သာအခြေအနေ | ကောင်း □သင့် √<br>ည့ံ □မရှိ □ | ကောင်း □သင့် □<br>ည့ံ □မရှိ □ | ကောင်း □သင့် □<br>ည့ံ □ မရှိ □ |
| ဇ။ ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိပါသည် √<br>တိုက်ကျွေးမှု မရှိပါ □ | တိုက်ကျွေးမှုရှိပါသည် □<br>တိုက်ကျွေးမှု မရှိပါ □ | တိုက်ကျွေးမှုရှိပါသည်□<br>တိုက်ကျွေးမှု မရှိပါ □ |
| ဈ။ ကျောင်းဆရာ/မ ဦးရေ | ကျား - မ - ပေါင်း | ကျား - မ -ပေါင်း | ကျား - မ -ပေါင်း |
| အစိုးရခန့် | ၂ - ၈ - ၁၀ | - | - |
| ကျေးရွာခန့် | ၀ - ၁ - ၁ | - | - |

ရင်းမြစ် - (၁)ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု ၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** သာစည်ကျေးရွာ၏ စာသင်ကျောင်းဆောင်မှာ အလယ်တန်းထိသာ ရှိပါသည်။ ကျောင်းအဆောက်အဦ၏အခြေအနေမှ အသင့်အတင့်ဖြစ်ပါသည်။ ကျောင်းသုံးပရိဘောဂ လုံလောက်မှုမရှိပါ။ ကျောင်းအိမ်သာ လုံလောက်မှုရှိပါသည်။

## (၇) ကျန်းမာရေး

### (၇.၁) အဖြစ်များသောရောဂါများ

ဇယား (၁၈) အဖြစ်များသော ရောဂါများ

| စဉ် | ရောဂါ | ပျံ့နှံ့မှု/ ဖြစ်ပွားမှု |
|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျော | မြင့် □ နိမ့် ✓ မရှိ□ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့် □ နိမ့် □ မရှိ✓ |
| ၃ | ငှက်ဖျား | မြင့် □ နိမ့် ✓ မရှိ □ |
| ၄ | အသက်ရှူလမ်းကြောင်းကူးစက်ရောဂါ | မြင့် ✓ နိမ့် □ မရှိ□ |
| ၅ | HIV,AIDS , လိင်မှတဆင့်ကူးစက်နိုင်သောရောဂါများ | မြင့် □ နိမ့် □ မရှိ ✓ |
| ၆ | တီဘီ | မြင့် □ နိမ့် □ မရှိ ✓ |
| ၇ | ဆီးချို | မြင့် ✓ နိမ့် □ မရှိ □ |
| ၈ | သွေးတိုး | မြင့် ✓ နိမ့် □ မရှိ □ |
| ၉ | အသည်းရောဂါ(ဘီ၊စီ) | မြင့် □ နိမ့် ✓ မရှိ □ |
| ၁၀ | အာဟာရချို့တဲ့မှု | မြင့် □ နိမ့် □ မရှိ ✓ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့် □ နိမ့် □ မရှိ ✓ |

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု ၊ အမျိုးသမီးအုပ်စု (၂)ကျေးလက်ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေးဌာနခွဲ ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အခြားကူးစက်နိုင်သော ရောဂါများမရှိပါ။ယခုအချိန်တွင် ကျေးရွာတွင် မသန့်ရှင်းသောဆီများ၊ စားအုံးဆီများ စားသုံးခြင်း၊ ကျန်းမာရေးဗဟုသုတ အားနည်းခြင်းများကြောင့် ဆီးချို၊ သွေးတိုး ရောဂါများအဖြစ်များလျက်ရှိပါသည်။ ကိုယ်ဝန်ဆောင်မိခင် များသည်တိုက်နယ်ဆေးရုံများ၌ မွေးဖွားရသဖြင့် သွားလာရန် ခက်ခဲပါသည်။

**(၇-၂) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

ဧယား (၁၉) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | ကာကွယ်ဆေးထိုးခြင်း(ရှိ၊မရှိ အမှန်ခြစ်ရန် | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | | √ |
| ၂ | ဆုံဆို့၊ကြက်သွေး၊ မေးခိုင်နှင့် အသည်းရောဂါ | √ | |
| ၃ | ပိုလီယိုရောဂါ | √ | |
| ၄ | မေးခိုင်(ကိုယ်ဝန်ဆောင်ကာလအတွင်း) | √ | |
| ၅ | ဝက်သက်ရောဂါ | √ | |
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | √ | |
| ၇ | အာဟာရမှတ်တမ်းယူမှု (အရပ်အမြင့်၊အလေးချိန်၊ လက်မောင်းပတ်) | √ | |
| ၈ | အာဟာရပညာပေး အစီအစဉ် | | √ |

ရင်းမြစ် - (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မိ ရပ်ဖ အုပ်စု ၊ အမျိုးသမီးအုပ်စု (၂) ၊ ကျေးလက်ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေးဌာနခွဲ ။

**လေ့လာတွေ့ရှိချက်။** သာစည်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိသဖြင့် လစဉ် ကျန်းမာရေးသားဖွားဆရာမ၊ ဆေးကြီးကြပ်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများမှ (၅)နှစ် အောက်ကလေးများအား ပေါင်ချိန်ခြင်း၊ ကာကွယ်ဆေးထိုးခြင်းများ ဆောင်ရွက်လျှက်ရှိပါသည်။ အဟာရပညာပေး အစီအစဉ်များ မရှိသေးပါ။

## (၇-၃) ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ /ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေးအထောက်အပံ့များနှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေးဝန်ဆောင်မှု | ခရီးအကွာအဝေး | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန / ဌာန ခွဲ | ၀ မှ ၁ မိုင် √<br>၁ မိုင် မှ ၃ မိုင် □<br>၃ မိုင် မှ ၅ မိုင် □<br>၅ မိုင် မှ ၁၀ မိုင် □<br>၁၀ မိုင် အထက် □ | ရှိ □<br>မရှိ √ |
| တိုက်နယ်ဆေးရုံ | ၀ မှ ၁ မိုင် □<br>၁ မိုင် မှ ၃ မိုင် □<br>၃ မိုင် မှ ၅ မိုင် □<br>၅ မိုင် မှ ၁၀ မိုင် √<br>၁၀ မိုင် အထက် □ | ရှိ √<br>မရှိ □ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် □<br>၁ မိုင် မှ ၃ မိုင် □<br>၃ မိုင် မှ ၅ မိုင် □<br>၅ မိုင် မှ ၁၀ မိုင် □<br>၁၀ မိုင် အထက် √ | ရှိ √<br>မရှိ □ |

ရင်းမြစ် - (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မိ ရပ်ဖ အုပ်စု ၊ အမျိုးသမီးအုပ်စု (၂) ၊ ကျေးလက်ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေးဌာနခွဲ ။

**လေ့လာတွေ့ရှိချက်။** ကျန်းမာရေးဝန်ဆောင်မှုအတွက် ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိသော်လည်း ကျေးရွာနှင့် (၁)မိုင်ခန့်အကွာရှိ မွေ့လယ်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲတည်ရှိပါသည်။ ကျေးရွာနှင့် (၈)မိုင်ခန့်အကွာရှိ မြောက်ခင်ရန်းကျေးရွာရှိတိုက်နယ်ဆေရုံတို့တွင် ကျန်းမာရေးပြုစုစောင့်ရှောက်ခြင်းများ ပြုလုပ်နိုင်ပါသည်။ မွေ့လယ်ကျေးရွာနှင့် (၁)မိုင်ခန့် ကွာဝေးသော်လည်း မြေသားလမ်း ဖြစ်နေသောကြောင့် မိုးရာသီတွင် သွားလာရန် ခက်ခဲပါသည်။

## (၇-၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၇-၄-၁) သောက်သုံးရေ ရရှိမှု

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုနိုင်သော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (နွေ ၊ မိုး ၊ ဆောင်း ) |
|---|---|---|---|
| ရေတွင်း | ၇၆ | ကောင်း √ သင့် □ ညံ့ □ | (နွေ ၊ မိုး ၊ ဆောင်း ) |
| အဝိစိတွင်း / စက်တပ် | - | ကောင်း □ သင့် □ ညံ့ □ | |
| အဝိစိတွင်း / တုံကင် | - | ကောင်း □သင့် □ညံ့ □ | |
| မိုးရေ သိုလှောင်ကန် | - | ကောင်း □သင့် □ညံ့ □ | |
| မြစ်/ချောင်းရေ | - | ကောင်း □သင့် □ညံ့ □ | |
| ရေကန် | - | ကောင်း □သင့် □ညံ့ □ | |
| စိမ့်စမ်းရေ | - | ကောင်း □ သင့် ညံ့ □ | |

ရင်းမြစ်-(၁)ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု ၊ အမျိုးသမီးအုပ်စု(၂)၊ ကျေးလက်ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေးဌာနခွဲ ။

**လေ့လာတွေ့ရှိချက်။ ။** ကျေးရွာတွင် ရေတွင်းပေါင်း (၇၆)တွင်းရှိပြီး မြစ်သာမြစ်ဘေးတွင် တည်ရှိသောကြောင့် နွေ၊ မိုး၊ ဆောင်း ရေလုံလောက်မှုရှိပါသည်။

**(၇-၄-၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)**

ဇယား (၂၂) အိမ်သာအမျိုးအစား

| **သုံးစွဲနိုင်သော အိမ်သာအမျိုးအစား** | **သုံးစွဲနိုင်သော အိမ်ထောင်စု** |
|---|---|
| သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု | - |
| ရေဆွဲအိမ်သာ | – |
| ရေလောင်း/ ယင်လုံအိမ်သာ | ၁၉၄ |
| မသန့်ရှင်းသောယင်လုံအိမ်သာ သုံးစွဲမှု | – |
| တွင်း / ဇလားအိမ်သာ | - |
| တွင်းမရှိအိမ်သာ | - |
| အိမ်သာမရှိ | - |

ရင်းမြစ် - (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မိ ရပ်ဖ အုပ်စု ၊ အမျိုးသမီးအုပ်စု (၂) ၊ ကျေးလက်ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေးဌာနခွဲ ။

**လေ့လာတွေ့ရှိချက်။** ။ အိမ်ခြေ(၁၉၆) အိမ်ရှိသည့်အနက် အိမ်သာ (၁၉၄)လုံးရှိပြီး အိမ်သာမရှိ အိမ်ထောင်စု(၂)စုမှာ အိမ်ဝိုင်းတစ်ဝိုင်းတွင်အိမ်(၂)လုံးဆောက်လုပ်နေထိုင်ခြင်းကြောင့် ဖြစ်ပါသည်။

**(၈) ဘေးအန္တရာယ်ထိခိုက်မှု အခြေအနေများ**

ဇယား (၂၃) သာစည်ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ် အခြေအနေ

| **စဉ်** | **ဘေးအန္တရာယ်အမျိုးအစား** | **အန္တရာယ်ရှိနိုင်မှု အခြေအနေ ရှင်းလင်းဖော်ပြချက်** |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မရှိပါ။ |
| ၂ | သဘာဝအရင်းအမြစ်ရှားပါးမှု | မရှိပါ။ |
| ၃ | ရေကြီးမှု | မိုးရာသီတွင် ရေကြီးမှုဖြစ်ပေါ်ပါသည်။ |
| ၄ | မိုးခေါင်ခြင်း | (၃) နှစ်တွင် တစ်ကြိမ်ခန့် ဖြစ်ပါသည်။ |
| ၅ | အအေးလွန်ကဲခြင်း | အအေးလှိုင်းဖြတ်သည့်နှစ်တွင် ဖြစ်ပါသည်။ |
| ၆ | မုန်တိုင်း | မရှိပါ။ |
| ၇ | ငလျင် | မရှိပါ။ |

| | | |
|---|---|---|
| ၈ | မီးဘေး | မရှိပါ။ |
| ၉ | ဆားငန်ရေဝင်မြေ | မရှိပါ။ |
| ၁၀ | မြေပြိုခြင်း ၊ မြေဆီလွှာ ပျက်ယွင်းမှု | မိုးရာသီတွင် ဖြစ်ပေါ်တတ်ပါသည်။ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | သစ်ထုတ်ခြင်း၊ တောင်ယာခုတ်ခြင်းကြောင့် ဖြစ်ပေါ်ပါသည်။ |
| ၁၂ | ငှက်ဖျားရောဂါ | မရှိပါ။ |
| ၁၃ | တီဘီရောဂါ | မရှိပါ။ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မရှိပါ။ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မရှိပါ။ |
| ၁၆ | တိရိစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | နွား (ခွာနာလျှာနာ) ၊ ကြက်နာကျခြင်းများဖြစ်ပေါ်ပါသည်။ |
| ၁၇ | လူကုန်ကူးခြင်း | မရှိပါ။ |
| ၁၈ | ဝေးလံခေါင်သီ / လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည့် | - |

ရင်းမြစ် - (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိ ရပ်ဖ အုပ်စု

**လေ့လာတွေ့ရှိချက်။ ။** ကျေးရွာတွင် မိုးရာသီ၌ မြစ်ရေကြီးခြင်းဖြစ်ပွားသဖြင့် နှစ်စဉ် နှမ်းသီးနှံများ ထိခိုက်ပျက်စီးပါသည်။ သစ်တောများပြုန်းတီး၍ ရာသီဥတုဖောက်ပြန်ခြင်း၊ ရေလျှံခြင်းတို့ကြောင့်စားဝတ်နေရေးခက်ခဲမှုများ ရှိသည်ကိုလေ့လာတွေ့ရှိရပါသည်။ တိရစ္ဆာန်ကူးစက်ရောဂါများလည်း အဖြစ်များသည်ကို တွေ့ရှိရပါသည်။

**(၉)သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ**

ဇယား (၂၄) သာစည်ကျေးရွာ၏ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များအခြေအနေ

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်၊ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာအခြေအနေ | နိမ့် | - |
| အပင်မျိုးစိတ်များ | နိမ့် | - |
| ရေအရင်းအမြစ် | နိမ့် | - |
| ငါးမျိုးကွဲများ | မြင့် | - |
| အခြားတိရိစ္ဆာန်မျိုးကွဲများ | မြင့် | - |

ရင်းမြစ်-ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။ ။** ကျေးရွာရှိ လယ်ယာမြေများတွင် သဘာဝမြေသြဇာနှင့် အော်ဂဲနစ်မြေသြဇာအသုံးပြုမှုမရှိကြောင်း တွေ့ရှိရပါသည်။သဘာဝနှင့်လိုက်ဖက်ညီသော မြေသြဇာအမျိုးအစားအသုံးပြုနိုင်မှုနည်းပါးပြီး အိမ်နီးချင်းနိုင်ငံထုတ်ကွန်ပေါင်း ဓာတ်မြေသြဇာများနှင့် သီးနှံအထွက်တိုးရွက်ဖျန်းဓာတ်မြေသြဇာများကို ဈေးကြီးပေး၍ ဝယ်ယူသုံးစွဲနေကြပါသည်။ စိုက်ပျိုးရေးနှင့် မြေသြဇာအသုံးပြုမှုသင်တန်းများ ဖွင့်လှစ်ပေးမည်ဆိုပါက အဆင်ပြေသွားမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိ ရပါသည်။

**(၁၀) ကျား - မ ရေးရာ**

ဇယား (၂၅) သာစည်ကျေးရွာ၏ ကျား/မရေးရာ

| စဉ် | ကျေးရွာ၏ လူမှုစီးပွားဖွံ့ဖြိုးစေရေး အတွက်အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သောအချက်များ | ဦးတည်အုပ်စု ဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာပါဝင်မှု/ခေါင်းဆောင်မှု | ရှိ □ | မရှိ√ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်ဆောင်ရွက်မှု | ရှိ √ | မရှိ □ |

ရင်းမြစ်-(၁)အဖွဲ့အစည်းများစာရင်း၊(၂)ဦးတည်အုပ်စု ဆွေးနွေးခြင်း၊ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာစီမံအုပ်ချုပ်မှုပိုင်းတွင် အမျိုးသမီးများပါဝင်မှုအားနည်းသော်လည်း ယခုအခါ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျောင်းကော်မတီများ၊ ကျောင်းအကျိုးတော်ဆောင်နှင့် ကျေးရွာပရဟိတလုပ်ငန်းများတွင် အမျိုးသမီးများတက်ကြွစွာပါဝင်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေး ကွင်းဆက်များ

### ဂန့်ဂေါမြို့နယ်၊သာစည်ကျေးရွာအုပ်စု ၊ သာစည်ကျေးရွာ၏ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား

ရုပ်မိရုပ်ဖအဖွဲ့

| စဉ် | လက်ရှိ အခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲ ပြဿနာများ ကိုဖြစ်စေသော အကြောင်း အရင်းများ | ဖွံ့ဖြိုးရေး အတွက် အထောက်အ ပံ့ဖြစ်မည့် အခြေအနေ ကောင်းများ | အဟန့် အတား များနှင့် စိန်ခေါ်မှု များ | ဖြေရှင်းရန် နည်းလမ်း များ | အဆိုပြု စီမံချက်များ နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | -မိုးရာသီတွင် သာစည်-မွေ့လယ် မြေသားလမ်း သွားလာရန် ခက်ခဲခြင်း။ | -အောက်ခံမြေ သားမကောင်း ခြင်း။<br>-လမ်းဘေးရေ မြောင်းမရှိခြင်း။<br>-ကား၊ ထွန်စက် များသွားလာ ခြင်း။ | - သဲကျောက် များအလွယ် တကူရရှိနိုင် ခြင်း။ | -ရန်ပုံငွေ မရှိခြင်း။ | -ကျေးလက် လမ်း ဖွံ့ဖြိုး ရေးဦးစီး ဌာနနှင့် ချိတ်ဆက် ဆောင်ရွက် ရန်။ | -မွေ့လယ်-သာစည် ရွာချင်းဆက် လမ်းအဆင့် မြှင့်တင်ရန်။ |

## ဂန့်ဂေါ်မြို့နယ်၊ သာစည်ကျေးရွာအုပ်စု ၊ သာစည်ကျေးရွာ၏ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား

တောင်သူအဖွဲ့

| စဉ် | လက်ရှိ အခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲ ပြဿနာများ ကိုဖြစ်စေသော အကြောင်း အရင်းများ | ဖွံ့ဖြိုးရေး အတွက် အထောက်အ ပံ့ဖြစ်မည့် အခြေအနေ ကောင်းများ | အဟန့် အတား များနှင့် စိန်ခေါ်မှု များ | ဖြေရှင်းရန် နည်းလမ်း များ | အဆိုပြု စီမံချက်များ နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | - မွေးမြူရေး တိရိစ္ဆာန် မျိုးကောင်း မျိုးသန့်မရှိ ခြင်း။ | - မျိုးကောင်း မျိုးသန့်များဖြင့် မေထုံစပ်ရန် ကျေးရွာ၌ မျိုး ကောင်းမျိုးသန့် မရှိခြင်း။<br>-မွေးမြူရေး နည်း ပညာမသိ ခြင်း။ | -မွေးမြူရေး တိရိစ္ဆာန်အ တွက်အစား အစာပေါများ ခြင်း။<br>-မျိုးကောင်း မျိုးသန့်များ မွေးမြူရန် စိတ်ဝင်စား ခြင်း။ | -မျိုးကောင်း မျိုးသန့်များ အလွယ်တ ကူဝယ်ယူ၍ မရနိုင်ခြင်း။<br>-မွေးမြူရေး နည်းပညာ ရှင်များ ကျေးရွာ၌ မရှိခြင်း။ | -မွေးမြူ ရေးနှင့်ကု သရေးဦးစီး ဌာနနှင့် ချိတ်ဆက် ရန်။ | -မျိုးကောင်း မျိုးသန့်များ မွေးမြူလာ နိုင်စေရန်။ |

## ဂန့်ဂေါ်မြို့နယ်၊ သာစည်ကျေးရွာအုပ်စု ၊ သာစည်ကျေးရွာ၏ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား

စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအဖွဲ့

| စဉ် | လက်ရှိ အခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲ ပြဿနာများ ကိုဖြစ်စေသော အကြောင်း အရင်းများ | ဖွံ့ဖြိုးရေး အတွက် အထောက်အ ပံ့ဖြစ်မည့် အခြေအနေ ကောင်းများ | အဟန့် အတား များနှင့် စိန်ခေါ်မှု များ | ဖြေရှင်းရန် နည်းလမ်း များ | အဆိုပြု စီမံချက်များ နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | -အလုပ် အကိုင် အခွင့် အလမ်း နည်း ပါးခြင်း။ | -တောင်သူ လုပ်ကိုင်သည့် ဦးရေများပြား ခြင်း။<br>-အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးမည့် သူမရှိခြင်း။ | -အသက်မွေး ဝမ်းကြောင်း သင်တန်းများ ကိုစိတ်ပါဝင် စားခြင်း။<br>-သင်တန်းဖွင့် ရန်မြေနေရာ ရှိခြင်း။ | -စားဝတ်နေ ရေးဖြေရှင်း နေရသည့်အ တွက်အချိန် မပေးနိုင် ခြင်း။ | -ကျေး လက်ဒေသ ဖွံ့ဖြိုးတိုး တက်ရေး ဦးစီးဌာန သို့ချိတ် ဆက် ဆောင်ရွက် ရန်။ | -အသက်မွေး ဝမ်းကြောင်း သင်တန်း များ ဖွင့်လှစ် ပေးခြင်း။ |

## ဂန္ဓေါမြို့နယ်၊သာစည်ကျေးရွာအုပ်စု ၊ သာစည်ကျေးရွာ၏ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား

**အမျိုးသမီးအဖွဲ့**

| စဉ် | လက်ရှိအခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲပြဿနာများကိုဖြစ်စေသော အကြောင်းအရင်းများ | ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်မည့် အခြေအနေကောင်းများ | အဟန့်အတားများနှင့် စိန်ခေါ်မှုများ | ဖြေရှင်းရန်နည်းလမ်းများ | အဆိုပြုစီမံချက်များနှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | -ကျေးလက်ကျန်းမာရေးဌာနခွဲရှိသောကျေးရွာကိုမိုးရာသီ၌သွားလာရန်ခက်ခဲခြင်း။ | -မြစ်သာမြစ်ခြားနေခြင်း။<br>-လမ်းများမကောင်းခြင်း။ | -ဆေးခန်းတည်ဆောက်ရန်မြေနေရာရှိခြင်း။<br>-ကျောက်သဲများအလွယ်တကူရရှိနိုင်ခြင်း။<br>-လူသားအင်အားရှိခြင်း။ | -ရန်ပုံငွေမရှိခြင်း။ | -ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ရန်။ | -ကျေးလက်ကျန်းမာရေးဌာနခွဲရရှိရန်။ |

## ဂန့်ဂေါမြို့နယ်၊သာစည်ကျေးရွာအုပ်စု ၊ သာစည်ကျေးရွာ၏ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား

လူငယ်အဖွဲ့

| စဉ် | လက်ရှိ အခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲ ပြဿနာများ ကိုဖြစ်စေသော အကြောင်း အရင်းများ | ဖွံ့ဖြိုးရေး အတွက် အထောက်အ ပံ့ဖြစ်မည့် အခြေအနေ ကောင်းများ | အဟန့် အတား များနှင့် စိန်ခေါ်မှု များ | ဖြေရှင်းရန် နည်းလမ်း များ | အဆိုပြု စီမံချက်များ နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | -လူငယ်များ အရက်သေ စာ သောက် စားခြင်း။ | -လူငယ်များ ရည်မှန်းချက်၊ ရည်ရွယ်ချက် များမရှိခြင်း။<br>-ကျေးရွာတွင် အားကစား ကွင်းမရှိသည့် အတွက်အရက် ဆိုင်များသို့ ရောက်ခြင်း။ | -အားကစား ကွင်းတည် ဆောက်ရန် မြေနေရာရှိ ခြင်း။<br>-လုပ်သား အင်အားရှိ ခြင်း။ | -ရန်ပုံငွေ မရှိခြင်း။<br>-အားကစား ကွင်းတည် ဆောက်ပေး နိုင်မည့် ပညာရှင်များ မရှိခြင်း။ | -မြို့နယ်အား/ ကာဠာန သို့ ချိတ်ဆက် ဆောင်ရွက် ရန်။ | -ကျေးရွာပိုင် အားကစား ကွင်းတည် ဆောက်ရန်။ |